# မြို အမျိုးသား ဒီမိုကရေစီပါတီ

# MRO NATIONAL DEMOCRACY PARTY (MNDP)

## ဖွဲ့စည်းပုံအခြေခံဥပဒေ (ယာယီ)



၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ( ၆ )ရက်

# မြို့အမျိုးသား ဒီမိုကရေစီပါတီ

# ဖွဲ့စည်းပုံအခြေခံဥပဒေ (ယာယီ)

## နိဒါန်း

မြိုတိုင်းရင်းသားလူမျိုးတို့သည် ပြည်ထောင်စုရှိ တိုင်းရင်းသားလူမျိုးများ နှင့် အတူစစ်မှန်သော ပါတီစုံဒီမိုကရေစီထွန်းကားလာရေးအတွက်ကျရာ အခန်း ကဏ္ဍမှ လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် အလိုငှာဖြင့် ဤမြို့အမျိုးသား ဒီမိုကရေစီပါတီကို လေးနက်သော သန္နိဋ္ဌာန်နှင့် ဖွဲ့စည်းထူထောင်ခြင်းဖြစ်သည်။

မြိုတိုင်းရင်းသားလူမျိုးများမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်ဒေသ၊ ဆမီးမြို့နယ်ခွဲဒေသတို့တွင် ရှေးနှစ်ထောင်ပေါင်းများစွာ ကပင် ပြန့်ကျဲစွာ အခြေချနေထိုင်ခဲ့ကြကြောင်း ရှေးခေတ် မြန်မာ၊ ရခိုင် ရာဇဝင်နောက်ခံ သမိုင်းကြောင်းများတို့နှင့်အညီ ရပ်တည်လာသော လူမျိုးတစ်မျိုးပင် ဖြစ်ပေသည်။

မြို့အမျိုးသားဒီမိုကရေစီပါတီသည် ဓညဝတီ(ရခိုင်ပြည်) ၏ သမိုင်းအဆက်ဆက် ခေတ်အဆက်ဆက်ကပင်ဖြစ်တည် ရပ်တည်လာခဲ့သော ကျွန်ုပ်တို့ မြို့အမျိုးသား၊ မြိုလူမျိုး တို့၏ ယုံကြည်ချက်၊ ခံယူချက်များ အနှစ်သာရတို့ ဖြင့်ဖွဲ့စည်းသော ပါတီဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတိတ်သမိုင်းကြောင်းများ၏ ဆိုးမွေ၊ ကောင်းမွေ၊ အေးအတူ ပူအမျှ ကောင်းအတူ ဆိုးအတူ များကို ပြည်ထောင်စုရှိ အခြားတိုင်းရင်းသားများတို့ နှင့်အတူ မျှဝေခံစားခဲ့ကြပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ် မြောက်ရေးနှင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးတို့ကို စိတ်အား ကိုယ်အား ပြုပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော တိုင်းရင်းသားလူမျိုးများ ဖြစ်ကြပေသည်။

ခေတ်စနစ်၏ လိုအပ်ချက်အရ ပါတီစုံဒီမိုကရေစီတွင် နိုင်ငံရေး၊ စီးပွားရေး လူမှုရေးများတို့မှ အဖက်ဖက်မှ နိမ့်ကျစွာရှိနေသော မြို့အမျိုးသားများကို စုစည်းညီညွတ်စွာဖြင့် ဖွံ့ဖြိုး တိုးတက်သော လူမှုဘဝကို ထူထောင်နိုင်ရေး၊ နိုင်ငံအကျိုးဒေအကျိုး၊ အမျိုးသား အကျိုးများကို ရှေ့ရှုကာ အခြားတိုင်းရင်းသားညီနောင်များတို့နှင့် အတူလက်တွဲပြီး ပါဝင်ပူးပေါင်းဆောင်ရွက်ရန် သန္နိဋ္ဌာန်ဖြင့် မြို့အမျိုးသား ဒီမိုကရေစီပါတီကို ထူထောင်ရခြင်း ဖြစ်ပေသည်။

## အခန်း(၁)

## ပါတီ၏ ရည်ရွယ်ချက်၊ ယုံကြည်ချက်၊ သန္နိဋ္ဌာန်၊ လုပ်ငန်းစဉ်

### ၁။ ရည်ရွယ်ချက်

(က) ဒေသအသီးသီးတွင် ပြန့်ကြဲစွာ နေထိုင်ကြသော မြို့အမျိုးသားများကို ဒီမိုကရေစီ၏ အနှစ်သာရပြည့်ဝစွာဖြင့် အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် မြင့်မားစေပြီး ဖွံ့ဖြိုးတိုးတက်သော လူမှုဘဝကို ထူထောင်ရန်။

(ခ) အမျိုးသားအားလုံး၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်မြှင့်တင် ဆောင်ရွက်သွားနိုင်ရေးကို အခြားညီအစ်ကိုတိုင်းရင်းသားများနှင့် ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲပြီး ဆန္ဒထပ်တူထပ်မျှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန်။

(ဂ) ပြည်ထောင်စုရှိ တိုင်းရင်းသားလူမျိုးများစု၊ လူနည်းစုများအချင်းချင်းအကြား၌ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဝိဝါဒစွဲ၊ ဒေသစွဲများကို ကင်းလွတ်စေပြီး ညီနောင်တိုင်းရင်းသားများ အချင်းချင်း တန်းတူ၊ ရည်တူ အခွင့်အလမ်း၊ အခွင့်အရေးများ ရှိစေရန်။

(ဃ) မြို့အမျိုးသားများနည်းတူ လူမှုဘဝနိမ့်ကျနေသော အခြားတိုင်းရင်းသား လူမျိုးများတို့နှင့် လက်တွဲပြီး ဆောင်ရွက်ရန်။

( င)	တိုင်းရင်းသားလူမျိုးတိုင်းစီ၏ ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ စာပေ၊ နောက်ခံရာဇဝင်သမိုင်းကြောင်းများ ဖော်ထုတ်ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အတူလက်တွဲပြီး ပူးပေါင်းဆောင်ရွက်ရန်။

(စ)	အဂတိလိုက်စားမှုနှင့် အကျင့်ပျက် ခြစားမှုများ ပပျောက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းမှုရအောင်ထိ အခြားတိုင်းရင်းသားများနှင့်အတူ အစဉ်အမြဲ ပူပေါင်းပါဝင်ရန်။

(ဆ)	ပြည်ထောင်စု မြန်မာနိုင်ငံတော်၌ စစ်မှန်သော ဒီမိုကရေစီစနစ်အစဉ်ရှင်သန်ပြီး တည်ငြိမ်အေးချမ်းသော ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးကို ဦးတည်ဆောင်ရွက်သွားမည်။

## ၂။ ယုံကြည်ချက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ လူမျိုးများစု၊ လူနည်းစုတိုင်းရင်းသားများအကြားတန်းတူ ရည်တူရှိပြီး ပွင့်လင်းမြင်သာသော အမျိုးသားရေးမူဝါဒများဖြင့် အချင်းချင်းအပြန်အလှန်ညှိနှိုင်းမှုပြုပြီး တိုင်းရင်းသာပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲလျက် ခေတ်မီဖွံ့ ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဟု အလေးအနက် ယုံကြည်သည်။

## ၃။ သန္နိဋ္ဌာန်

(က)	ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို အစဉ်အမြဲ ဦးစားပေးဆောင်ရွက်သွားမည်။

(ခ)	ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို အစဉ်အမြဲ ထိန်းသိမ်းစောင့်

ရှောက်သွားရန်နှင့် တိုင်းရင်းသားလူမျိုးအသီးသီး၏ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ၊ ယဉ်ကျေးမှု၊ စာပေများ ဆုံးရှုံး ပျောက်ပျက်မှု မရှိစေဘဲ ဆန်းသစ်တီထွင်မှုများကို အားပေးကာ မျိုးချစ်စိတ်ဓာတ် ထာဝစဉ် ရှင်သန်စေရန် ဆောင်ရွက်သွားမည်။

(ဂ) ဒီမိုကရေစီ အနှစ်သာရများ ပြည့်စုံသော လောကပါလတရားများကို မြို အမျိုးသား ဒီမိုကရေစီ ပါတီအနေဖြင့် အစဉ်သစ္စာစောင့်သိ ဖော်ဆောင်သွားမည်။

(ဃ) နိုင်ငံအကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားလူမျိုးများအကျိုးကို ရှေ့ရှုပြီးအပြုသဘောဖြင့် ဝေဖန်ပြောဆိုခြင်း၊ အကြံပြုဆွေးနွေးခြင်း၊ တွေ့ဆုံညှိနှိုင်းခြင်းများကို အစဉ်အမြဲ လက်ခံကြိုဆိုသွားမည်။

## ၄။ လုပ်ငန်းစဉ်

(က) စုစည်းညီညွတ်သော ဘုံရပ်တည်ချက်များ ချမှတ်ကာ ဒီမိုကရေစီ၏ အနှစ်သာရများကို ဖော်ဆောင်သွားမည်။

(ခ) အမျိုးသား ပြည်သူတို့၏ လိုအပ်ချက်များအပေါ် မူတည်ပြီး လုပ်ငန်းစဉ်များ၊ မူဝါဒများ ချမှတ်ကာ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်။

(ဂ) ဆန္ဒသဘောထားများ တူညီသော အခြားတိုင်းရင်းသားနိုင်ငံရေးပါတီများနှင့် မိတ်သဟာယ ဖွဲ့ခြင်းဖြင့် ချစ်ကြည်ရင်းနှီးစွာ အတူလက်တွဲဆောင်ရွက်သွားမည်။

(ဃ) ပါတီတွင်းရွေးချယ်တင်မြှောက်မှုကို ပါတီညီလာခံ (သို့မဟုတ်) ဗဟို/ခရိုင် / မြို့နယ် အလုပ်အမှုဆောင်ကော်မတီများ၏ မျက်နှာစုံညီ အစည်းအဝေး

(သို့မဟုတ်) အမျိုးသားပြည်သူများတို့၏ လိုအပ်ချက်အရ ဆန္ဒတောင်းဆို

မှုဖြင့် ဖြစ်စေ ရွေးချယ်တင်မြှောက်သွားမည်။

**အခန်း(၂)**

**ပါတီ၏ အမည်၊ အလံနှင့် အမှတ်တံဆိပ်**

၅။ **ပါတီ၏ အမည်**

ပါတီ၏ အမည်သည် မြိုအမျိုးသားဒီမိုကရေစီပါတီ MRO NATIONAL DEMOCRACY PARTY (MNDP) ဖြစ်သည်။

၆။ **ပါတီ၏ အလံ**

ပါတီ၏ အရွယ်အစားမှာ အလျား (၅) ပေ၊ အနံ (၃) ပေ ဖြစ်ပြီး အဖြူ အပြာ၊ အနီ ရောင်များဖြင့် သတ်မှတ်သည်။ အပေါ်တွင် အဖြူ အလယ်တွင် အပြာ၊ အောက်ခံမှာ အနီရောင် ဖြစ်သည်။ အဖြူရောင်၊ အပြာရောင်၊ တစ်ခုစီ၏ လက်ယာဖက်ထောင့်စွန်းတွင် ဒေါင်လိုက် နေနှင့်လ ပါရှိပြီး အပြာရောင်စဥ်တန်းတွင် အရွယ်တူ ကြယ်ဖြူ (၇) လုံး ပါရှိသည်။




၇။ **ပါတီ၏ အလံအဓိပ္ပါယ်ဖွင့်ဆိုချက်**

ပါတီ၏ အဖြူရောင်သည် သန့်ရှင်းဖြူစင်သော သဘောကိုဆောင်ပြီး အပြာရောင်မှာ အေးမြသော သဘောကို ဆောင်ပါသည်။ မြို့အမျိုးသားများတို့သည် ရှေးအခါမှစ၍ ယနေ့အချိန်ထိ နေနှင့်လကို ကတိသစ္စာတိုင်တည်မှုများ ရှိကြသည်ကို ရည်ညွှန်းသည်။ အရွယ်တူကြယ်ဖြူ (၇) လုံးမှာ (၇) ရက်သားသမီးများ အားလုံး ထွန်းလင်းတောက်ပခြင်းဖြင့် တန်းတူရည်တူရှိမှုကို အမှတ်အသားပြုသည်။


၈။ **ပါတီ၏ ရင်ထိုးတံဆိပ်**

ပါတီ၏ အလံကို သတ်မှတ်သည်။



၉။ **ပါတီ၏ အမှတ်တံဆိပ်**

မြို့အမျိုးသားတို့၏ ရိုးရာ “ မောင်း ” ကို သတ်မှတ်ပါသည်။



## ၁၀။ ပါတီ၏ ရုံးတံဆိပ်

ပါတီ၏ ရုံးတံဆိပ်အဝိုင်းမှာ အချင်း (၂)လက်မရှိပြီး သက်ဆိုင်သည့် ရုံးတည်နေရာ ဌာနချုပ် (ရုံး)၊ ဌာနခွဲ (ရုံး)၊ ခရိုင် (ရုံး)၊ မြို့နယ် (ရုံး)၊ ရပ်/ကျေး (ရုံး) အမည်အား ထည့်သွင်းထားပြီး တံဆိပ်အဝိုင်း၏ အလယ်တွင် စာအမှတ်၊ ရက်စွဲ ပါရှိသည်။




၁၁။ ဌာနချုပ် (ရုံး) တည်နေရာ

အိမ်အမှတ် (၁၄၄)၊ ဗုဒ္ဓဂါယာလမ်း၊ မြို့သစ်ရပ်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့ မြောက်ဦးခရိုင်၊ ရခိုင်ပြည်နယ်တွင် သတ်မှတ်သည်။

ဌာနချုပ်တည်နေရာကို ဗဟို/ခရိုင်၊ မြို့နယ်/အလုပ်အမှုဆောင်ကော်မတီ မျက်နှာစုံညီ အစည်းအဝေး၏ ဆုံးဖြတ်ချက်ဖြင့် ပြောင်းရွှေ့နိုင်သည်။

# အခန်း(၃)

## ပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်၊ စည်းမျဉ်း စည်းကမ်းများ

## ၁၁။ ပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်

ပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်း ဖြစ်သည် –

(က) ပါတီညီလာခံ

(ခ) ဗဟိုကော်မတီ ဝင်ရွေးချယ်တင်မြှောက်ရေးကော်မရှင်အဖွဲ့

(ဂ) နာယကအဖွဲ့

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့

(င) ခရိုင်အလုပ်အမှုဆောင်အဖွဲ့

(စ) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့

(ဆ) ရပ်/ကျေး အလုပ်အမှုဆောင်အဖွဲ့

(ဇ) အခြေခံပါတီဝင်များ

(ဈ) ဌာနချုပ် (ဗဟိုရုံး)၊ ဌာနခွဲ (ရုံး)၊ ခရိုင် (ရုံး)၊ မြို့နယ် (ရုံး)၊ ရပ်ကွက် (ရုံး)၊ ကျေးရွာ (ရုံး) အဆင့်ဆင့်ဖြင့် ဖွဲ့စည်းထားသည်။

(ည) ဗဟိုအလုပ်အမှုဆောင်ကော်မတီအား အီးစီ –၂၇ ဦး၊ စီအီးစီ – ၂၇ ဦး၊ စုစုပေါင်း (၅၄) ဦးဖြင့် အောက်ပါလုပ်ငန်းအဆင့်ဆင့်ကို သတ်မှတ်သည်။

| | |
|---|---|
| (၁) ပါတီနာယကအဖွဲ့ | ၅ ဦး |
| (၂) ဥက္ကဋ္ဌ | ၁ ဦး |
| (၃) ဒု–ဥက္ကဋ္ဌ (၁)၊ ဒု–ဥက္ကဋ္ဌ (၂) | ၂ ဦး |
| (၄) အတွင်းရေးမှူး | ၁ ဦး |
| (၅) တွဲဘက်အတွင်းရေးမှူး (၁)၊ တွဲဘက်အတွင်းရေးမှူး (၂) | ၂ ဦး |
| (၆) ဘဏ္ဍာရေးမှူး (၁)၊ ဘဏ္ဍာရေးမှူး (၂) ဘဏ္ဍာရေးမှူး (၃) | ၃ ဦး |
| (၇) စာရင်းစစ် (၁)၊ စာရင်းစစ် (၂)၊ စာရင်းစစ် (၃) | ၃ ဦး |
| (၈) ဘဏ္ဍာငွေရှာဖွေရေးနှင့် သုံးစွဲခြင်း ဘဏ္ဍာရေးကော်မတီ | ၆ ဦး |
| (၉) လူမှုဖူလုံရေးနှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာ မြှင့်တင်ရေးကော်မတီ | ၄ ဦး |
| (၁၀) ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ | ၄ ဦး |
| (၁၁) သတင်းပြန်ကြားရေးနှင့် လူ့အခွင့်အရေး မြှင့်တင်ရေးကော်မတီ | ၄ ဦး |
| (၁၂) စည်းရုံးလှုပ်ရှားမှု ကော်မတီ | ၄ ဦး |
| (၁၃) ဗဟိုရုံးလုပ်ငန်းအဖွဲ့ | ၆ ဦး |
| (၁၄) အမျိုးသမီးရေးရာကဏ္ဍ | ၄ ဦး |
| (၁၅) လူငယ်ရေးရာကဏ္ဍ | ၅ ဦး |

တို့ဖြစ်သည်။

၁၂။ **ပါတီ၏ စည်းမျဉ်းနှင့် စည်းကမ်းချက်များ**

(က) ပါတီဝင်များသည် နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများကို လေးစားလိုက်နာရမည်။

(ခ) ပါတီဝင်များသည် ပါတီ၏ လိုအပ်ချက်အရ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သတ်မှတ်သော စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာရမည်။

(ဂ) ပါတီဝင်များသည် ပါတီတွင်း စည်းလုံးညီညွတ်မှုကို ပျက်ပြားစေသော အပြုအမူ၊ အပြောအဆိုများကို ရှောင်ရှားရမည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီ၏ စည်းမျဉ်း၊ စည်းကမ်း၊ ဖွဲ့စည်းပုံ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းစသည့်လုပ်ငန်းအားလုံးတွင် လုပ်ပိုင်ခွင့် အရှိဆုံး၊ အမြင့်ဆုံး ဖြစ်သည်။

(င) ပါတီ၏ အလုပ်အမှုဆောင်ကော်မတီ အဆင့်ဆင့်၏ သက်တမ်းသည် (၅) နှစ်ဖြစ်သည်။

(စ) ပါတီ၏ အလုပ်အမှုဆောင်ကော်မတီအဆင့်ဆင့်၏ မျက်နှာစုံညီ အစည်းအဝေးကို (၁) နှစ်တစ်ကြိမ် ကျင်းပရန်နှင့် ပါတီ၏ ညီလာခံကိုလည်း (၅)နှစ်တစ်ကြိမ်ကျင်းပသွားမည်။

(ဆ) အလုပ်အမှုဆောင် ကော်မတီဝင်များသည် မိမိတို့၏ ထင်မြင်ယူဆချက်များကို ပွင့်လင်းမြင်သာမှု ရှိစွာ ဆွေးနွေးပြောဆိုခွင့်ရှိသည်။

(ဇ) ပါတီဝင်များသည် ပါတီ၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရေးအတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ ယုံကြည်ချက်/ခံယူချက်များဖြင့် လွတ်လပ်စွာ တင်ပြပြောဆိုခွင့်ရှိသည်။

(ဈ) အလုပ်အမှုဆောင်ကော်မတီ၏ တာဝန်များ အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်နေပါက ကြားဖြတ်ရွေးချယ်တင်မြှောက်သွားမည်။

(ည) ပါတီကို ခုတုံးလုပ်၍ မိမိတစ်ဦးတစ်ယောက် မိသားစု ကိုယ်ကျိုးစီးပွား အတွက် အသုံးမပြုရ။ ပါတီသည် အမျိုးသားနှင့်သာ သက်ဆိုင်ခြင်းဖြစ်သည်။

(ဋ) ဌာနချုပ် (ရုံး) တံဆိပ်တုံးအဝိုင်းကို တစ်ခုတည်းအဖြစ် သတ်မှတ်သည်။

(ဌ) ပါတီစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီများ မှတ်ပုံ တင်ခြင်း ဥပဒေ၊ နည်းဥပဒေ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်သွားမည်။

## အခန်း(၄)

## ပါတီအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုခြင်း (စိစစ်လက်ခံခြင်း) လုပ်ငန်းတာဝန်များ

၁၃။ **ပါတီဝင်များ စိစစ်လက်ခံခြင်း**

(က) အသက် (၁၈) နှစ်ပြည့်ပြီး မြို့အမျိုးသား၊ မြို့အမျိုးသမီး မည်သူမဆို ပါတီ အဖွဲ့ဝင်ခွင့်ရှိသည်။

(ခ) တစ်ကိုယ်ကောင်းမဆန်ဘဲ အဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်လိုသူ ဖြစ်ရ မည်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ပြီး အများအကျိုးကို ဆောင်ရွက်လိုသောသူ ဖြစ်ရ မည်။

(ဃ) ပါတီ၏ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာပြီး ပါတီဝင်လျှောက်လွှာ ပုံစံဖြင့် လျှောက်ထားပြီးပါက အသိအမှတ်ပြုကာ ပါတီဝင်ကတ်ပြားများ ထုတ်ပေးရမည်။

(င) ပါတီမှ ပေးအပ်သော တာဝန်ဝတ္တရားများကို တာဝန်သိမှု၊ တာဝန်ယူမှု

တာဝန်ခံမှု၊ တာဝန်ကျေပွန်မှုကို အစဉ်တစိုက် ကြိုးစားဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

### ၁၄။ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့ လုပ်ငန်းတာဝန်များ

(က) **ဥက္ကဋ္ဌ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။** ။ ဥက္ကဋ္ဌသည် ပါတီ၏ ခေါင်းဆောင်ဖြစ်သည်။ ဥက္ကဋ္ဌလက်မှတ်နှင့် တံဆိပ်တုံးသည် ပါတီအား ကိုယ်စားပြုသည်။ ဥက္ကဋ္ဌသည် ပါတီ၏ ဂုဏ်သိက္ခာရှိစွာ ရပ်တည်မှုနှင့် တောင့်တင်းခိုင်မာစွာ အစဉ်ရပ်တည်ရေးအတွက် အဓိကတာဝနအရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ လုပ်ငန်းကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ရာတွင် ဆွေးနွေးချက်၊ အကြံပြုချက်၊ ညှိနှိုင်းချက်များကို မှန်ကန်တိကျစွာ အများသဘောဆန္ဒအညီ ဆုံးဖြတ်ရမည်။ မိမိတာဝန်ခံလက်မှတ်ရေးထိုးထားသည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ပါတီ၌ အရေးကြီးသော ဆုံးဖြတ်ချက်လုပ်ငန်းဟူသမျှကို ဗဟိုအလုပ်အမှုဆောင်ကော်မတီများထံ မဖြစ်မနေသိရှိရန် တာဝန်အရှိဆုံးဖြစ်သည်။ ပါတီ၏ ဆိုးကျိုး၊ ကောင်းကျိုးများကို တာဝန်ယူရမည်။ ဥက္ကဋ္ဌသည် ပါတီ၏ မူဝါဒ၊ လမ်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရာ၌ အသက်သွင်းဆောင်ရွက်စေနိုင်သော စွမ်းအားရှိသူဖြစ်သည်။ ပါတီ၏ ရည်မှန်းချက် ပန်းတိုင်ပြီးမြောက်အောင်မြင်ရေးမှာ ဥက္ကဋ္ဌ၏ အရည်အချင်းပေါ်တွင် များစွာ မူတည်သည်။

(ခ) **ဒု-ဥက္ကဋ္ဌ (၁)၊ ဒု-ဥက္ကဋ္ဌ (၂) တို့၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ**

ဥက္ကဋ္ဌမရှိသည့် အချိန်ကာလအတိုင်းအတာတစ်ခုအတွင်း ဥက္ကဋ္ဌ တာဝန်ကို မဖြစ်မနေ အပြည့်အဝ တာဝန်ယူရမည်။ အခါအားလျော်စွာ ဥက္ကဋ္ဌ၏ ကိုယ်စားတာဝန်ယူဆောင်ရွက် ပေးရမည့်သူလည်းဖြစ်သည်။ ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို ပူးတွဲတာဝန်ယူ လုပ်ဆောင်ပေးရမည့်သူဖြစ်သည်။ ပါတီ၏ ရည်မှန်းချက်၊ ပန်းတိုင်ပြီးမြောက်အောင်မြင်

ရေးမှာ ဒု-ဥက္ကဋ္ဌ (၁) (၂) တို့၏ အရည်အချင်းများအပေါ်၌ မူတည်သည်။

၁၅။ **အတွင်းရေးမှူး၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။** ။ အတွင်းရေးမှူးသည် ဥက္ကဋ္ဌပြီးလျှင် ပါတီ၏ ဒုတိယတာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။ အစည်းအဝေးတိုင်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးမှတ်တမ်းများ၊ ဆုံးဖြတ်ချက်များ၊ လုပ်ငန်းစဉ်များကို စိစစ်၍ အလုပ်အမှုဆောင်အဖွဲ့ထံ တင်ပြရမည်။ ပါတီစည်းရုံး လှုပ်ရှားမှု၊ ပညာပေးမှု၊ စီမံခန့်ခွဲမှု၊ လုပ်ငန်းများကို ကြီးကြပ်လမ်းညွှန်ပေးရမည်။ အလုပ်အမှုဆောင်အဆင့်ဆင့် မျက်နှာစုံညီ အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ပါတီဝင်များနှင့် အမျိုးသာပြည်သူများထံ ရှင်းလင်းပေးရမည်။ အစည်းအဝေး ဖိတ်ကြားခြင်း၊ အစီအစဉ်ရေးဆွဲခြင်း အစရှိသည့် လုပ်ငန်းများ အစအဆုံး တာဝန်ယူ ဆောင်ရွက်ရမည်။ ရုံးပိုင်တွဲစာရင်းများ၊ စာတွဲအညွှန်းများ၊ ဝင်စာ/ထွက်စာများ မှတ်ပုံတင်ရေး၊ မှတ်တမ်းမှတ်ရာများကို စနစ်တကျ ပြုစု၍ ထိန်းသိမ်းထားရှိရမည်။ ပါတီ၏ ရည်မှန်းချက်ပန်းတိုင် လုပ်ငန်းအကောင်အထည်ပြီးမြောက်အောင်မြင်ရေးမှာ အတွင်းရေးမှူး၏ အရည်အချင်းအပေါ်တွင် များစွာ မူတည်သည်။

၁၆။ **တွဲဘက်အတွင်းရေးမှူး (၁) (၂) ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ**
အတွင်းရေးမှူး မရှိသည့် အချိန်ကာလတစ်ခုအတွင်း၌ အတွင်းရေးမှူး၏ တာဝန်ကို မဖြစ်မနေ အပြည့်အဝ တာဝန်ယူရမည်။ အခါအားလျော်စွာ အတွင်းရေးမှူး၏ ကိုယ်စားတာဝန်ယူဆောင်ရွက်ပေးရမည့် သူလည်းဖြစ်သည်။ အတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များကိုလည်း ပူးတွဲတာဝန်ယူဆောင်ရွက်ပေးရမည့် သူလည်းဖြစ်သည်။ ပါတီ၏ ရည်မှန်းချက်၊ ပန်းတိုင် အကောင်အထည်ဖော် ပြီးမြောက်အောင်မြင်နိုင်ရေးမှာ တွဲဘက် အတွင်းရေးမှူး (၁) (၂) တို့၏ အရည်အချင်းများအပေါ်၌ များစွာ မူတည်သည်။

၁၇။ **ဘဏ္ဍာရေးမှူး၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရာများ။** ။ ဘဏ္ဍာရေးမှူးသည် ပါတီပိုင် ငွေကြေးများနှင့် ပါတီပိုင်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းထားရှိရမည်။ ဝင်ငွေ/ထွက်ငွေ ရသုံးမှန်းခြေ စာရင်းရှင်းတမ်းများအတွက် တိကျမှန်ကန်သော စာရင်းဇယားများ၊ မှတ်တမ်းများ ပြုစုထားရှိရမည်။ လိုအပ်ပါက အလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးတွင် ဘဏ္ဍာငွေစာရင်း ရှင်းတမ်းများတင်ပြရမည်။ ငွေကြေးများကို မည်သူတစ်ဦးတစ်ယောက်တို့၏ ကိုယ်ကျိုးအတွက် သုံးစွဲခွင့်မပြုရ။ ဘဏ္ဍာငွေကြေးအားလုံးကို ဘဏ်စာရင်းစာအုပ်ဖွင့်၍ စနစ်တကျ ထိန်းသိမ်းသုံးစွဲရန်။

၁၈။ **စာရင်းစစ်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ဝတ္တရားများ။** ။ စာရင်းစစ်သည် ပါတီ၏ ငွေကြေးများကို စနစ်တကျသုံးစွဲမှု ရှိ/မရှိ၊ ငွေကြေးကွာဟမှုများ မရှိစေရန် လိုအပ်သလို ငွေစာရင်းကို စိစစ်၊ စစ်ဆေးမှုများပြုလုပ်ရမည်။ အသုံးစရိတ်များ မှတ်တမ်းများ၊ ငွေရပြေစာများ၊ ပြည့်စုံမှု ရှိ/မရှိ၊ ဝင်ငွေ/ထွက်ငွေ ကိုက်ညီမှု ရှိ/မရှိ စိစစ် စစ်ဆေးပြီး တွေ့ရှိချက်များအပေါ် အလုပ်အမှုဆောင် ကော်မတီအစည်းအဝေး၌ တင်ပြရမည်။

၁၉။ **ဘဏ္ဍာငွေရှာဖွေရေးနှင့် သုံးစွဲခြင်း ဘဏ္ဍာရေးကော်မတီ။** ။ ပါတီ၏ ဘဏ္ဍာရေးနှစ်ကို ပြက္ခဒိန်နှစ်ဖြစ်သော ဇန်နဝါရီ (၁) ရက်နေ့မှ ဒီဇင်ဘာ (၃၁)ရက်နေ့အထိ သတ်မှတ်သည်။ ဘဏ္ဍာငွေရှာဖွေရေးကော်မတီမှ ရှာဖွေရရှိသော ငွေကြေးများကို ဘဏ္ဍာရေးမှူးထံ အပ်နှံရမည်။ ထုတ်ယူသုံးစွဲမှုငွေကြေး စာရင်းဇယားများ တိကျမှန်ကန်စွာ ရေးဆွဲထားရှိရမည်။ ပါတီဝင်များမှ ပါတီဝင်ကြေးထည့်ဝင်ခြင်း၊ ပါတီအပေါ် ထောက်ပံ့ကူညီသော အလှူရှင်ပုဂ္ဂိုလ်များထံမှ လှူဒါန်းငွေများကို စိစစ်လက်ခံခြင်းဖြင့် ဘဏ္ဍာငွေ ရှာဖွေ စုဆောင်းရမည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ/ နည်းဥပဒေများကို စောင့်သိလိုက်နာပြီး အခြားရရှိနိုင်မည့် ဘဏ္ဍာငွေရှာဖွေ

ရေးလုပ်ငန်းများဖြင့် ရှာဖွေစုဆောင်းသွားရမည်။ ပါတီ၏ ဘဏ္ဍာငွေများကို အလုပ်အမှုဆောင်ကော်မတီ၏ အရေးပေါ်အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့်သာ ထုတ်ယူသုံးစွဲသွားမည်ဖြစ်သည်။

၂၀။ **လူမှုဖူလုံရေးနှင့် ကျန်းမာရေး၊ ပညာရေးဆိုင်ရာ မြှင့်တင်ရေးကော်မတီ**

အမျိုးသားပြည်သူတို့၏ လူမှုဘဝဖူလုံရေးနှင့် ကျန်းမာရေး၊ ပညာရေး၊ အခက်အခဲများကို အစဉ်တစိုက်လေ့လာသုံးသပ်ပြီး မူလတန်း၊ အလယ်တန်း အရွယ်ကလေးသူငယ်များ ကျောင်းနေနိုင်ရန်အတွက် လူမှုရေးအဖွဲ့အစည်း ပညာရေးအဖွဲ့များနှင့် ညှိနှိုင်းပြီး ပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်သွားမည်။ ဆင်းရဲနွမ်းပါးပြီး ကလေးသူငယ်များကို ကျောင်းမထားနိုင်ခြင်း၊ အာဟာရချို့တဲ့ပြီး ရောဂါရခြင်း၊ HIV AIDS ရောဂါများနှင့် ငှက်ဖျားကြောင့် အသက်ဆုံးရှုံးမှုများ မရှိစေရန် ကျန်းမာရေး/ပညာရေးဌာနများနှင့် ပူးပေါင်း၍ ပညာပေးဟောပြောပွဲများ ပြုလုပ်သွားမည်။ ဒေသအတွင်း အလုပ်လက်မဲ့ လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိရန် ကြိုးပမ်းဆောင်ရွက်သွားမည်။ လူမှုဘဝဖူလုံရေးအတွက် ဆင်းရဲမှု လျော့နည်းပပျောက်နိုင်ရေးအားသက်ဆိုင်ရ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းပြီး ဆောင်ရွက်သွားမည်။

၂၁။ **ရိုးရာဓလေ့ထုံးစံနှင့် ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်း စောင့်ရှောက်ရေး ကော်မတီ**

(က) ရိုးရာယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရေးအတွက် ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းပြီး ရိုးရာဓလေ့ထုံးစံများကို လေးစားလိုက်နာရန် ပညာပေးဟောပြောပွဲများဖြင့် ပြုလုပ်သွားမည်။

(ခ) အမျိုးသားများတို့၏ ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ပြဿနာများကို ကျေ

အေး/ငြိမ်းချမ်း စွာ ဖြေရှင်းနိုင်ရေး ပညာပေးညှိနှိုင်းမှုများဖြင့် ဆောင်ရွက် သွားမည်။

(ဂ) စာပေ၊ သုခုမ အနုပညာ၊ ရိုးရာဓလေ့ကျင့်ထုံး (ဥပဒေ) များကို ကြိုးပမ်း ဖော်ထုတ်သွားမည်။

၂၂။ **သတင်းပြန်ကြားရေးနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးကော်မတီ**

အမျိုးသားပြည်သူများတို့၏ လူ့အခွင့်အရေး ဆုံးရှုံးမှုနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ခိုင်မာစွာ ရယူပြီး သက်ဆိုင်ရာများတို့နှင့် ပူးပေါင်းကာ လူ့အခွင့် အရေးများ ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးရန် ကြိုးပမ်းသွားမည်။ မှန်ကန်တိကျသော သတင်းအချက်အလက်များရရှိရေး၊ ဒေသရှိ အမျိုးသား များကြား ၌ ပညာပေးစည်းရုံး ဟောပြော မှုများဖြင့် ဆောင်ရွက်သွားမည်။ ပြည်တွင်း/ပြည်ပ သတင်းမီဒီယာ၊ စာနယ်ဇင်းသမားများနှင့် တွေ့ဆုံကာ အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သွားမည်။

၂၃။ **စည်းရုံးလှုပ်ရှားမှု ကော်မတီ ။** ။ မြို့အမျိုးသားများ စုစည်းညီညွတ်သော လူ့ဘောင်အဖွဲ့ အစည်းတစ်ရပ်အဖြစ် ရည်တည်နိုင်ရေး အမျိုးသားပြည်သူကြား ကွင်းဆင်းပြီး စည်းရုံး သွားမည်။ စည်းရုံးရေးမှူးများသည် အမျိုးသားတို့၏ အကြည်ညို

အပြုအမူ၊ အပြောအဆိုများကို ရှောင်ကြဉ်ရမည်။ နယ်မြေအခြေအနေ၊ ဒေသအခြေ အနေများကို ဌာနချုပ်၊ ခရိုင်၊ မြို့နယ် ရုံးများသို့ အချိန်နှင့် တပြေးညီ အစီရင်ခံရမည်။ ပါတီဝင်များ၏ အားနည်းချက်၊ အားသာချက်များကို ဆန်းစစ်လေ့လာရမည်။ စည်းရုံး ရေး ခရီးစဉ်တွင် အလုပ်အမှုဆောင်ကော်မတီ အနည်းဆုံး (၃) ဦးစန့် ပါဝင်ရမည်။ ခရီးစဉ်၏ အတွေ့အကြုံများကို ဌာနချုပ်သို့ အစီရင်ခံ တင်ပြသွားရမည်။

၂၅။ **ဗဟိုရုံးလုပ်ငန်းအဖွဲ့** ။ ။ ဗဟိုရုံးလုပ်ငန်းအဖွဲ့သည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ကိုယ်ရေးအကျဉ်းမှတ်တမ်းများနှင့် လိုအပ်သော ဖိုင်တွဲများ၊ စာတွဲညွှန်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်ရမည်။ ညွှန်ကြားချက်၊ အစည်းအဝေးမှတ်တမ်းများ၊ ဝင်စာ/ထွက်စာဖိုင်များ၊ မှတ်ပုံတင်များ စနစ်တကျ ထိန်းသိမ်းရေးဆွဲထားရှိရမည်။ ပါတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အလုပ်အမှုဆောင်ကော်မတီတို့၏ ညွှန်ကြားချက်၊ အစည်းအဝေးဆုံးဖြတ်ချက်များ စသည့်ရုံးလုပ်ငန်းများတို့ကို အချိန်နှင့်တပြေးညီ လည်ပတ်နိုင်ရေးဆောင်ရွက်သွားမည်။

၂၆။ **အမျိုးသမီးရေးရာကဏ္ဍ** ။ ။ အမျိုးသမီးများသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းတာဝန်အမျိုးမျိုးတို့ကို အမျိုးသားများနှင့် ရင်ဘောင်တန်းပြီး လုပ်ငန်းခွင်၌ တာဝန် ယူဆောင်ရွက်သွားမည်။ နိုင်ငံရေးတွင် တိုင်းရင်းသားမျိုးနွယ်စုများ၏ အမျိုးသမီးများ ကို ပိုမိုပါဝင်လာစေရန် ပညာပေးဟောပြောမှုများဖြင့် အမျိုးသမီးများ၏ အရည်အချင်း တို့ကို ကာကွယ်စောင့်ရှောက်မြှင့်တင်ပေးသွားမည်။ အမျိုးသမီးများသည် အမျိုးသား များနှင့် ထပ်တူအခွင့်အရေး၊ အခွင့်အလမ်းများရှိစေပြီး ဖွံ့ ဖြိုးတိုးတက်သော အမျိုးသမီးတို့၏လူမှုဘဝကို ရှင်သန်နိုင်ရေးကြိုးပမ်းသွားမည်။ ယနေ့ကမ္ဘာကြီး၌ မိန်းကလေးများအပေါ် လူကုန်ကူးမှု၊ အဓမ္မပြုကျင့်ခံရမှုများကို အသိပညာပေး ဟောပြောမှုများဖြင့် ကာကွယ်စောင့်ရှောက်သွားမည်။

၂၇။ **လူငယ်ရေးရာကဏ္ဍ** ။ ။ လူငယ်များသည် အနာဂတ်ကို ပိုင်ဆိုင်သူများဖြစ်နေ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တွင် လူငယ်များ၏ ဘဝဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး ကဏ္ဍတို့အား လူငယ်များ တက်ကြွစွာ လုပ်ရှားမှုများဖြင့် ပူးပေါင်းပါဝင်လာစေရန် အသိပညာပေး ဟောပြောပွဲများဖြင့် ဆောင်ရွက်သွားမည်။ နိုင်ငံရေး၊ စီးပွားရေး လူမှုရေး အသိပညာ အမြင်ဖွင့်သင်တန်းများသို့ လူငယ်များကို တက်

ရောက်စေရန် စိမံဆောင်ရွက်ပေးသွားမည်။ နိုင်ငံရေး၌ လူငယ်များ တက်ကြွစွာ ပါဝင်နိုင်ရန် လက်တွဲခေါ်ယူသွားမည် ဖြစ်သည်။

## နိဂုံး


ဤမြို့အမျိုးသားဒီမိုကရေစီပါတီ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေစည်းမျဉ်း/စည်းကမ်းမူဝါဒများကို ပါတီဝင်များအားလုံး လေးစားလိုက်နာကြရမည်ဖြစ်၍ အမျိုးသားတို့၏ အကျိုးကျေးဇူးများကို ရှေ့ရှုလျက် အဖွဲ့ပါတီ ခိုင်မြဲစွာ ရပ်တည်ရှင်နိုင်ရေး မျိုးချစ်စိတ်ဓာတ်များကို အခြေခံပြီး ဒီမိုကရေစီ၏ အနှစ်သာရပြည့်ဝစွာဖြင့် နိုင်ငံအကျိုး၊ ဒေသအကျိုး၊ အမျိုးသားအကျိုးများကို ရှေ့ရှုပြီး ဆောင်ရွက်နိုင်ကြရန် ဖြစ်သည်။

ရက်စွဲ၊ ၅ - ၁ - ၂၀၁၅။

## မြို အမျိုးသား ဒီမိုကရေစီပါတီအလံပုံစံ



## မြို အမျိုးသား ဒီမိုကရေစီပါတီရင်ထိုးတံဆိပ်



## မြို အမျိုးသား ဒီမိုကရေစီပါတီအထိမ်းအမှတ်တံဆိပ်



## မြို အမျိုးသား ဒီမိုကရေစီပါတီရုံးတံဆိပ်

